နန်းတော်ကုန်းကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

နန်းတော်ကုန်းကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


စကားချီး ၆

နန်းတော်ကုန်းကျေးရွာသယံဇာတပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမရေးရာကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အပာန်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၅

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၀။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ ၆၉

နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း ၇၂

ကိုးကားစာရင်း ၇၃

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၀၂၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာ ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင် သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သောကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့တွင် ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောက်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု

အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီလ ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

နန်းတော်ကုန်းကျေးရွာ

မင်းဘူးမြို့နယ်

# နန်းတော်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြပါမည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာနိုင်မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ ကျေးရွာသည် မင်းဘူးမြို့၏တောင်ဘက်(၇)မိုင်အကွာ မင်းဘူး-မင်းလှကားလမ်းမဘေးတွင်တည်ရှိ၍ အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ မင်းဘူးမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက သက်မွေးဝမ်း ကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ဒေသ၏မိုးရေချိန်မှာ အသင့်အတင့်ရှိပြီး မိုးရေကိုသာ အားပြု၍ စိုက်ပျိုးရပါသည်။ ရွာ၏အရှေ့ဘက်တွင် ရောဝတီမြစ်ရှိ၍ ၎င်းမြစ်ရေသည် နယုန်လမှ တော်သလင်းအထိ မြစ်ရေရရှိပြီး ရေကျချိန်တွင် မြေနုကျွန်းပေါ်တွင် မြေပဲ၊ စတော်ပဲ၊ အခြားသီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာ၏တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်တို့တွင် ယာမြေများရှိပြီး ၎င်းယာမြေများတွင် မြေပဲ၊ နှမ်း၊ ပဲစဉ်းငုံ စသည့်သီးနှံများ စိုက်ပျိုးကြပါသည်။ ထောက်ရာပင်/ကမ်းနီ ရေနံမြေရှိ၍ ရေနံဝန်ထမ်းများလည်းရှိကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့မှာ အသင့်အတင့်ထွက်ရှိပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၆၂၄.၃၅)ရှိပြီး နှမ်း၊ မြေပဲနှင့် ပဲစဉ်းငုံကိုသာ အဓိကစိုက်ပျိုး ကြပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ ကျေးရွာတွင် လူဦးရေစုစုပေါင်း(၅၀၄)နှင့် ကျားမပေါင်း(၂၀၇၂)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦးထက်လျော့နည်းသည်။ ကျေးရွာသည် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေ၏(၆၉.၀၂)% ခန့်ရှိပြီး လူသားအရင်းအမြစ်ကောင်းဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၅.၃%မျှ ပိုများပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်တွင်းအိမ်ထောင်စု အားလုံး၏ ၈၄.၇၂%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး ၂% သည် ချမ်းသာသည့်အဆင့်၊ ၁၃.၅%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု နည်းပါးမှုနှင့် ဆည်ရေသွင်းမစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟုပြောနိုင်သည်။ ချမ်းသာသောအိမ်ထောင်စုများအပြင် အခြား လယ်သမားအိမ်ထောင်စုများမှာ လက်သမား/ပန်းရံ၊ မွေးမြူရေး၊ စက်ချုပ်၊ ဈေးရောင်းစသော အသေးစားအိမ်တွင်းလုပ်ငန်းများနှင့်လည်း တွဲဘက်လုပ်ကိုင်ကြပါသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ် ပိုင်သော လက်သမားများ၊ လက်လုပ်လက်စား၊ ကူလီ/ကျပန်းလုပ်ကိုင်သူများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်ကြပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၇၄.၈%)ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ကျွန်တော်တို့ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် ယာ လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများတစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေ ရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန် ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော (၈၅)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ အိမ်ထောင်စုအားလုံးဖြစ်သော ၁၀၀%မှာ ၃လနှင့်ဖလကြားဝမ်းစာဖူလုံမှုရှိပြီး ကျန်လများတွင် ငွေချေးသူများနှင့် NGOs အဖွဲ့အစည်းထံမှ ချေးယူစားသုံးကြကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စုအားလုံး၏ ၁၄.၂၈%သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီး ထို အိမ်ထောင်စုများတွင် လူဦးရေများပြီး ကလေးများသာဖြစ်၍ အလုပ်လုပ်ကိုင်နိုင်သူ နည်းပါးသဖြင့် အလွန်ဆင်းရဲသည်။ မုဆိုးဖိုဦးဆောင်သည့် အိမ်ထောင်စု(၈)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးအများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေး ရောဂါသည် မိုးရာသီတွင်ဖြစ်ပွားလေ့ရှိသည်။ အမျိုးသမီး လူငယ် လူရွယ်နှင့် သက်ကြီးပိုင်းတို့သည်

လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ နည်းပါးကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်ရရှိနိုင်သည့်အပြင် ကျေးရွာနှင့် (၁)မိုင်သာကွာဝေးသော ရွာသာယာတိုက်နယ်ဆေးရုံရှိ၍ ဆေးဆိုင်မရှိပါ။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မြေအောက်အဝီစိတွင်းများမှ ရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်၊ ကူးစက်ရောဂါ ဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ကျေးရွာ၏ ပညာရေးအခြေအနေများမှာ အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံရေး၊ဖတ်အတွက် တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊ အလယ်တန်း ကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ပြီး အထက်တန်းကျောင်းများကို ရွာသာယာ အထက်တန်းကျောင်းခွဲတွင် သွားရောက်သင်ကြားရပါသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများကို နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## (စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျွန်တော်တို့ကျေးရွာ၏ ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြပါသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်ထန်းသောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနယ်ပယ်တွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။။ သို့သော် နေ့စားလုပ်အားခမှာ အမျိုးသားများထက် အမျိုးသမီးများမှာ လုပ်အားခနှုန်းထားလျော့နည်း၍ ရရှိပါသည်။

## ၄။ ကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျွန်တော်တို့ ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့၊ ဘာသာရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ(၃)ဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးသော စီးပွားရေးကိုအခြေခံသောအဖွဲ့(၃)ဖွဲ့တို့မှာ လုပ်ဆောင်မှုအသင့်အတင့် ကောင်းမွန်ကြပါသည်။ ထို့အပြင် လူမှုရေးအဖွဲ့အစည်း(၂)ဖွဲ့မှာလည်း ကျေးရွာလူထုကိုယ်တိုင် ဖွဲ့စည်းထားပြီး

လုပ်ဆောင်မှုမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား၊ ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘာဝတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျွန်တော်တို့ကျေးရွာတွင် နှမ်း၊ မြေပဲ၊ ပဲစဉ်းငုံနှင့် ပဲကြီးတို့ အဓိကထားစိုက်ပျိုးကြသည်။ မနှမ်းစိုက် ကေ(၂၁၀)ရှိ၊ မြေပဲကို (၁၁၅)ကေ၊ ပဲစဉ်းငုံ(၁၁၀)ကေနှင့် ပဲကြီး(၁၀၀)ကေကိုစိုက်ပျိုးကြသည်။ နှမ်းပျမ်းမျှ အထွက်နှုန်းမှာ (၅)တင်းနှင့် မြေပဲ(၃၅)တင်း၊ ပဲစဉ်းငုံပျမ်းမျှအထွက်(၉)တင်းနှင့် ပဲကြီးပျှမ်းမျှအထွက်နှုန်းမှာ(၆)တင်းနှုန်း ထွက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိသော်လည်း ဝန်ထမ်းများနည်းခြင်း၊ ဆေးဆိုင်များမှ ဆေးရောင်းရရေးသာအာရုံစိုက်ကြသောကြောင့် ဝန်ဆောင်မှုများအပြည့်အဝ မရရှိကြပေ။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင် အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ် သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရသည်။ ကျေးရွာရှိ ယာခင်းများတွင် ၎င်းသီးနှံများကို အဓိကထားစိုက်ပျိုးရာ ရာသီဥတုမှန်ကန်သောနှစ်များတွင် သီးနှံအထွက်နှုန်းများသော်လည်း ရာသီဥတုမမှန်ကန်သော နှစ်များတွင် သီးနှံအထွက်နှုန်းနည်းပါးပါသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ ၃.၃၇%ဝန်းကျင်သာရှိပြီး ဒေသမှဝက်မျိုးကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၃.၅၇%ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကု ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်း မလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက် ပေးနိုင်မှုအားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများ အနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင် တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင် မွေးမြူရန်ရေမြေနေရာအဆင်မပြေ သောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျွန်တော်တို့ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ အစိုးရဝန်ထမ်း၊ ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ ဆံသ၊ တွင်ခုံ၊ ကားမောင်း၊ ငွေတိုးချေး၊ အခမ်းအနားအလှဆင်နှင့် ကုမ္ပဏီဝန်ထမ်းတို့ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထား တွင်ရှိသည်။

လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များ တွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလား အလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သောလုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ် ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်၊ ကွန်ပျူတာစသော သင်တန်းများသို့ အခကြေးငွေ ကုန်ကျခံကာ ပို့လွှတ်သင်ကြားကြသည်။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့်ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူ များအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြား သည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေး သင့်သည်။

ဝါဆို၊ ဝါခေါင်တွင်မြစ်ရေကြီးမှုရှိသော်လည်း ဤကျေးရွာမှာ မြေမြင့်သောအပိုင်းတွင် တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းလွတ်ခဲ့သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်း ဘေးအန္တရာယ်တို့နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တခါတရံ ကြုံတွေ့ ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ် အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် ပက်မြန်မာအဖွဲ့မှ ထုတ်ချေးငွေကို တစ်လ အတိုးနှုန်း ၁.၆၅% (၁၅)ရက်(၁)ကြိမ် ပြန်လည်ပေးဆပ်ကြသည်။ သမအဖွဲ့မှ ထုတ်ချေးသောချေးငွေကို တစ်လ အတိုးနှုန်း ၁.၅၀%နှုန်းဖြင့် ချေးယူ၍ (၆)လ(၁)ကြိမ် ပြန်လည်ပေးဆပ်ကြရသည်။ ကျေးရွာတွင် ပက်မြန်မာတွင်(၅၆)ဦးရှိပြီး သမဝါယမအသင်းတွင် အဖွဲ့ဝင်(၉၆)ဦးရှိပါသည်။ အချို့အိမ်ထောင်စု များသည် ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း(၃၀%)မှ (၆၀% )ထိရှိသည်။

ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ချက်များပြား ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ် ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူကြပြီး အကြွေးငွေ နှစ်သိန်းကျပ်မှ လေးသိန်းကျပ်အထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ ထိုအိမ်ထောင်စု(၅၀%) သည် တစ်သိန်းကျပ်မှ နှစ်သိန်းအထိချေးယူကြပြီး ကျန်(၅၀%)မှာ သုံးသိန်းအထက် ချေးယူကြောင်း တွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်း (၉၀'x၃၀'x၁၂')နှင့်(၁၂၀'x၃၀'x၁၂') သွပ်မိုး၊ အုတ်နံရံကာ၊ သမံတလင်းနှင့် အလယ်တန်းကျောင်းခွဲကို (၁၂၀'x၃၀'x၁၂')ရှယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ၊ သမံတလင်းအခင်းနှင့် တည်ဆောက်ထားပါသည်။ ကျေးရွာသူ/သားအားလုံးမှာ ရေဖတ်တတ်ပြီး လူဦးရေ၏ ၃၈.၅၂%မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ ကျောင်းတွင် ပရိဘောဂ လိုအပ်မှုရှိပြီး မူလတန်းပြဆရာမ(၆)ဦးနှင့် အလယ်တန်းပြဆရာမ(၅)ဦးတို့ရှိကြသည်။ ကျောင်းတွင် ဆရာ/မလုံလောက်မှုရှိပါသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို ပံ့ပိုးမှုရရှိခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ လစဉ်ကာကွယ်ဆေးထိုးနှံရန် တိုက်နယ်ဆေးရုံမှ တာဝန်ကျဆရာမ(၁)ဦးရှိပါသည်။ ရွာနှင့်(၁)မိုင်ခန့်အကွာတွင်ရှိသော ရွာသာယာ တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသနိုင်ပါသည်။ ဆေးများကို မကွေး၊ မင်းဘူးဆေးဆိုင်များမှသာ ရရှိပါသည်။

သောက်ရေအတွက် လက်နှိပ်ရေတုံကင်နှင့် အဝီစိတွင်းများမှရရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများက ယင်လုံအိမ်သာဆောက်လုပ်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများမှာ ကျင်းတက် အသုံးပြုကြသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း အိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် သွားလာရ လွယ်ကူသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များ

တွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့် ဖော်ဆောင်ခြင်းမရှိသေးပါ။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး မော်တော်ကားများကို အသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၇၇) စီး၊ စက်ဘီး(၄၀)စီး၊ သုံးဘီး(၃)စီးနှင့် ထရပ်ကား(၃)စီးတို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီး ၂၀၁၆ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိအိမ်ထောင်စုအားလုံး၏ ၂၆.၁၉%ခန့်သည် သွယ်တန်းအသုံးပြုနေကြ ဖြစ်ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု အနည်းငယ် ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုကြသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး ရန်ကုန်မြို့ရှိမြန်မာ့စာကြည့်တိုက်အဖွဲ့ချုပ်နှင့် အဆက်အသွယ်ရှိကာ စာအုပ်များ လက်ခံရရှိမှုများရှိပါသည်။ ရွာသူ/သားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျွန်တော်တို့ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး စီမံချက်ရေးဆွဲထားပါသည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ရရှိသောအိမ်များမှာ လျှပ်စစ်မီးဖြင့် ချက်ပြုတ်စားသောက်၍ ထင်းသက်သာပါသည်။ လျှပ်စစ်မီးရရှိသည့်အတွက် ကျောင်းသူ/သားများ မှာ အချိန်ကြာမြင့်စွာ စာဖတ်နိုင်သော အထောက်အပံ့များရရှိ၍ လူနေမှု အဆင့်အတန်းမြင့်မားရေး အတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေ(၆၉%) မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး မိမိတို့တတ်မြောက်ထားသော ပညာရပ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများလည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မကွေးဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီအတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ ကျေးရွာသည် မင်းလှ-မင်းဘူးလမ်းမကြီးဘေးတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့် ကြက်နှင့်ဝက်များကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုမရှိသဖြင့် တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်သာ ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်၍ ရေနံ အနည်းငယ်ထွက်ရှိပါသည်။ အခြား သယံဇာတများမထွက်ရှိပါ။ ယာမြေများကို ထပ်မံတိုးချဲ့ရန်မှာ မြေလွတ်၊ မြေရိုင်းမရှိသဖြင့် ယာသမားများအဖို့ အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။

မိုးရေဖြင့်စိုက်ပျိုးနိုင်သော်လည်း ရာသီဥတုမမှန်ကန်သောနှစ်များတွင် အထွက်နှုန်းလျော့ကြပါသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း နှမ်းနှင့် ပဲစိုက်ခင်းများတွင် ကျရောက်နိုင်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော

အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့အားနည်းပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်းဖြင့် အဆင်ပြေ ချောမွေ့စွာသွားလာနိုင်စေမည် ဖြစ်ပါသည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းကျန်လမ်းများ ကွန်ကရစ်လမ်းခင်းခြင်းဖြင့် ရာသီမရွေး ကောင်းမွန်စွာသွားလာနိုင်မည်ဖြစ်ပါသည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ၄၀၀ဗို့အားလိုင်းသွယ်တန်းခြင်းဖြင့် တိုးပွားလာသော အိမ်ထောင်စုများနှင့် ကျောင်းသားလူငယ်များပညာရေးတွင် အထောက်အကူပြုပြီး လူမှုစီးပွား ဘဝတိုးလာနိုင်မည် ဖြစ်ပါသည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်းဖြင့် ကျေးရွာလူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားသော ကျွမ်းကျင်လုပ်သားများပေါ်များ ကာ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာနိုင်မည်ဖြစ်ပါသည်။

(က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာဟောပြောပွဲများကျင်းပခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သော အသိပညာဗဟုသုတများတိုးပွားလာပြီး အကောင်အထည်ဖော်ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပွားလာနိုင်မည်ဖြစ်ပါသည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်းအား ကျေးရွာမှ လုပ်အား၊ ငွေအား ပါဝင်ဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်ပြီး နည်းပညာများအား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာမှ လုပ်အားနှင့် ငွေကြေးထည့်ဝင်ဆောင်ရွက်သွားပါမည်။

(ခ.၂) ကျေးရွာတွင်းလမ်းများအား ရာသီမရွေးကောင်းမွန်စွာသွားလာနိုင်စေရန် ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းအား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ-၃) ကျေးရွာတွင် မဟာဓာတ်အားလိုင်းရရှိသော်လည်း တိုးပွားလာသောအိမ်ထောင်စုများအတွက် ပညာရေး၊ လူမှုစီးပွားဘဝတိုးတက်လာနိုင်စေရန် ၄၀၀ဗို့အားလိုင်းသွယ်တန်းခြင်းအား ကျေးရွာမှ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ-၄) ကျေးရွာတွင် လူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားသော ကျွမ်းကျင်းလုပ်သားများ ပေါ်များကာ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ပြီး မိသားစုဝင်ငွေတိုးပွားလာနိုင်စေရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်းအား ကျေးလက်ဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာနနှင့် NGOs အဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ-၅) ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာပြီး အကောင်အထည်ဖော်ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပွားလာနိုင်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာဟောပြောပွဲများ ကျင်းပြခြင်းအား စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဆေးကုမ္ပဏီများထံသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး

အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေး အတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်း များရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများ သည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်း မှုဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လုံလောက်သော ချေးငွေရရှိရန် ပြုလုပ်ပေးသင့်ပါသည်။ အထူးသဖြင့် ယာသမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက် အလျောက်များပြားသည့်ချေးငွေလိုအပ်သည့် ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားရှိခြင်းရှိ သော်လည်း ချေးငွေများလုံလောက်စွာမရရှိခြင်းကြောင့် ထပ်မံ ၍ ချေးငွေလုံလောက်စွာ ချပေးရန် ဆောင်ရွက်သင့်သည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းဆိုင်ရာအထောက်ပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာ ရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့် အလမ်းများရှိပါသည်။ သို့သော် ၎င်းတို့တွင် ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှု တွင်အားနည်းပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်း စေမည့်လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်း အချို့ပါဝင် မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သောစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အထောက် အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန် အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံပြီး၍ စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံအုပ်စုသတ်မှတ်ခြင်း(Functional Classification)ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး၊ ငွေရင်း အသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် -

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ-

| အကြောင်းအရာ | စီမံချက် | ရမှတ် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| လျှပ်စစ်ကဏ္ဍ | ၄၀၀ဗို့အားလိုင်းသွယ်တန်းခြင်း | ၉၉ | ၃ | • မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| အခြေခံအဆောက်အဦကဏ္ဍ | ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်း | ၁၀၀ | ၁ | • ကျေးလက်ဦးစီးဌာနမှ အကူအညီရခြင်း<br>• ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်ခံခြင်း | |
| အခြေခံအဆောက်အဦကဏ္ဍ | ကျေးရွာတွင်းကျန်လမ်းများအား ကွန်ကရစ်ခင်းခြင်း | ၉၈ | ၂ | • ကျေးလက်ဦးစီးဌာနမှ အကူအညီရခြင်း<br>• ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်ခံခြင်း | |
| စိုက်ပျိုးရေးကဏ္ဍ | စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပခြင်း | ၇၀ | ၅ | • သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>• သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း | |
| မွေးမြူရေးကဏ္ဍ | မွေးမြူရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပခြင်း | ၇၀ | ၅ | • သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>• သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း | |
| စိုက်ပျိုး/မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများကဏ္ဍ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း | ၈၀ | ၄ | • ကျေးလက်ဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာနမှ အကူအညီရယူခြင်း<br>• သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းအားကွန်ကရစ်ခင်းခြင်း | ၁ | ✓ | ✓ | ✓ | ✓ | ✓ |
| ၂ | ကျေးရွာတွင်းကျန်လမ်းများအားကွန်ကရစ်ခင်းခြင်း | ၂ | | ✓ | ✓ | | |
| ၃ | ၄၀၀ဗို့အားလိုင်းသွယ်တန်းခြင်း | ၃ | ✓ | ✓ | ✓ | ✓ | ✓ |
| ၄ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၄ | ✓ | ✓ | ✓ | ✓ | ✓ |
| ၅ | စိုက်ပျိုးရေး၊မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပခြင်း | ၅ | ✓ | ✓ | ✓ | ✓ | ✓ |

### ၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ

မူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်း တစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်နှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူ များထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

## ၁၀။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက် ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက် အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်း များ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်း ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့်

ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများဖြစ်သည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းများလက်ကျန်၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၅ | ၄ | ၉ | ၀.၄၃% |
| ၁ နှစ်မှ ၅ နှစ် အောက် | ၅ နှစ်အောက်ကလေးငယ် | ၆၄ | ၅၉ | ၁၂၃ | ၆% |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသား အရွယ် | ၈၁ | ၇၇ | ၁၅၈ | ၇.၆၃% |
| ၉ နှစ်အထက် မှ ၁၅နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၄၁ | ၁၁၇ | ၂၅၈ | ၁၂.၄၅% |
| ၁၅ နှစ်အထက် မှ ၆၀ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၇၇ | ၇၅၃ | ၁၄၃၀ | ၆၉.၀၂% |
| ၆၀နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄၂ | ၅၂ | ၉၄ | ၁၄.၅၄% |
| **စုစုပေါင်း လူဦးရေ-၂၀၇၂** | | **၁၀၁၀** | **၁၀၆၂** | **၂၀၇၂** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု-၅၀၄** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄ ဦး** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မင်းဘူးမြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ နန်းတော်ကုန်းကျေးရွာသည် အိမ်ထောင်စု(၅၀၄)စုရှိပါသည်။ လူဦးရေစုစုပေါင်း(၂၀၇၂)ယောက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ၆၉.၀၂%ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လူစွမ်းအားအသင့်အတင့်ရှိပါသည်။ တစ်အိမ်ထောင်ရှိပျမ်းမျှဦးရေမှာ(၄)ယောက်သာရှိသဖြင့် နိုင်ငံတော်မှသတ်မှတ်ထားသော တစ်အိမ်ထောင်ရှိပျမ်းမျှဦးရေထက် လျော့နည်းကြောင်းနှင့် အုပ်ချုပ်ရေးမှူးရုံးရှိသောစာရင်းနှင့် အနည်းငယ်ကွဲလွဲမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၂)   အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၅ | ၂၀.၈၃ | ၂၀၈ | ၄၃ | တောင်သူ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၈၇ | ၃၇ | ၁၉၃ | | ယာလုပ်ငန်း၊ ကူလီလုပ်ငန်း |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၂ | ၅၈ | ၇ | ဝက်၊ဆိတ်မွေးမြူရေး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၆ | ၅ | ၂ | မွေးမြူရေး၊ ကူလီလုပ်ငန်း |
| ၃ | ငါးဖမ်း လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၈၀ | ၁၆ | ၂၁၄ | ၃၀ | ရေချိုငါးဖမ်းလုပ်ငန်း |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄၆ | ၉.၁၃ | ၄၈ | ၅ | ရေနံ့ဝန်ထမ်း-၃ |
| ၅ | ထုတ်ကုန်လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၂ | ၂.၃၈ | ၁၃ | ၅ | ပန်းရံ/လက်သမား |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၁ | ၅ | ၂ | စက်ချုပ်၊ ဆံပင်ညှပ်၊ တွင်ခုံ၊ အခမ်းအနား ပစ္စည်းငှား |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁ | ၅ | ၁ | ဈေးရောင်း-၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀ | ၂ | ၁၀ | ၂၀ | အရောင်းဝန်ထမ်း |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ဝ.၄ | ၂ | | ဂိတ်စောင့်-၂၊ ကားမောင်း |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁ | ၆ | ၂ | ငွေတိုးချေး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၁ | ၅ | ၂ | မီးသတ် |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၁ | ၃ | ၄ | ကျောင်းဆရာ |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ဝ.၄ | ၂ | ၁ | သူနာပြု |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၂ | ၁ | ၃ | အခမ်းအနားအလှဆင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၅ | ၅ | ၁၂ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၃ | ၄.၅ | ၂၃ | ၅ | ကုမ္ပဏီဝန်ထမ်း |
| | **စုစုပေါင်း** | **၅၀၄** | **၁၀၀%** | **၈၀၆** | **၁၄၄** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ နန်းတော်ကုန်းကျေးရွာသည် တောင်သူလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်။ မွေးမြူရေး၊ စက်ချုပ်၊ ဆံပင်ညှပ်၊ တွင်ခုံနှင့် အခမ်းအနားအလှဆင်လုပ်ငန်းများ တွင် ကိုယ်ပိုင်လုပ်ကိုင်ကြပြီး ရေချိုငါးဖမ်းလုပ်ငန်း၊ ပန်းရံ/လက်သမားလုပ်ငန်းများတွင် ကျပန်း အလုပ်သမားအဖြစ်လုပ်ကိုင်ကြပါသည်။ ဝန်ထမ်းများမှာ ရေနံဝန်ထမ်း၊ ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်းများဖြစ်ကြပြီး ကျေးရွာသူ/သားများမှာ ဝင်ငွေရလုပ်ငန်း အမျိုးအစားအများအပြား လုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

(၁.၂.၂)	လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၂၅၀၀ | ၂၅၀၀ | ၂၀၀၀ | ၂၀၀၀ | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၉၀၀၀ | ၉၀၀၀ | ၃၀၀၀ | ၂၀၀၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | ၃၅၀၀ | - | ၃၀၀၀ | ဆံပင်၊ အလှပြင်၊ အပ်ချုပ် |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့နန်းတော်ကုန်းကျေးရွာတွင် လက်လီ-လက်ကား ရောင်းဝယ်ရေးနှင့် ဆံပင်ညှပ်၊ အလှပြင်၊ အပ်ချုပ်ရာ၌ လုပ်အားပေါ်မူတည်၍ကွဲပြားခြားနားပြီး ကျန်လုပ်ငန်းများတွင် ခြားနားမှုမရှိကြောင်းတွေ့ရှိရပါသည်။

**(၁.၃) သဘာဝ ရင်းမြစ်များ**

**(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | | | | |
| ယာမြေ /တောင်ယာ | ၅၃၅ | သင့် | မရ | မိုးရေ |
| ဥယျာဉ်ခြံမြေ | ၁၂ | သင့် | မရ | မိုးရေ |
| အိမ်ခြံဝင်း စိုက်ခင်း | ၀.၅ | သင့် | မရ | မိုးရေ |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | ၇၆.၈၅ | သင့် | မရ | မိုးရေ |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၆၂၄.၃၅** | - | - | - |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။** ။ရေရရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်၏ နန်းတော်ကုန်းကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ

ယာမြေကေ(၅၃၅)ကေ၊ ဥယျာဉ်ခြံမြေကေ(၁၂)ကေ၊ အိမ်ခြံဝင်းစိုက်ခင်း(၀.၅)ကေနှင့် ကိုင်း/ကျွန်းမြေကေ(၇၆.၈၅)ရှိပြီး မြေဆီလွှာ၏အရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။ ဆည်ရေမရရှိသဖြင့် မိုးရေကိုသာ အဓိကထား စိုက်ပျိုးရသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | သင့် | ခက် |
| အခြား ရင်းမြစ်များ | မရှိ | ခက် |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့နန်တော်ကုန်းကျေးရွာတွင် သဘာဝအပင်မျိုးစိတ်များနှင့် ပတ်သက်၍ ဆေးဘက်ဝင်အပင်များ အသင်အတင့်ရှိခြင်းနှင့် နွားစာအဖြစ် သီးနှံများမှရရှိပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာ အသင့်အတင့်ရှိပြီး ရရှိရန်ခက်ခဲပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့များမှာ အသင့်အတင့်ထွက်ရှိသော်လည်း ကိုယ်ပိုင်တူးဖော်ခွင့်မရှိ၊ အစိုးရပိုင်များသာဖြစ်ပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ကေ | ၁၅-၁၆ကေ | ကျွန်မြေ(၁)ကေ | |
| အိမ်အခြေအနေ | ၂ထပ်တိုက် | ပျဉ်ထောင်အိမ် | ၃ပင်အိမ် | မြေစိုက်အိမ် |
| လုပ်ငန်းသုံး ကိရိယာပိုင်ဆိုင်မှု | ထွန်စက်၊ ရေစုပ်စက်၊ လက်တွန်းထွန်စက် | နွား/လှည်း၊ လက်တွန်း ထွန်စက် | နွား/လှည်း | ပေါက်ပြား/တူရွင်း |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ် အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊TV၊ စလောင်းဖုန်း | ဆိုင်ကယ်၊TV၊ စက်ဘီး၊ ဖုန်း | စက်ဘီး၊ ဆိုင်ယ်၊ဖုန်း | ဖုန်း၊ စက်ဘီး |
| **အဓိကစီးပွားရေး လုပ်ငန်း** | စိုက်ပျိုးရေး | စိုက်ပျိုးရေး | နေ့စား/ကူလီ | ကျပန်း |
| **အခြားပိုင်ဆိုင်မှု** | - | - | - | - |
| **အိမ်ထောင်စု -** | **၉** | ၆၈ | ၂၃၈ | ၁၈၉ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ နန်းတော်ကုန်းကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ မြေယာပိုင်ဆိုင်မှုနှင့် အိမ်ကောင်းမွန်ပြီး လုပ်ငန်းသုံးကိရိယာများ ပိုင်ဆိုင်ပါသည်။ အလယ်အလတ်အိမ်ထောင်စုနှင့် ဆင်းရဲသောအိမ်ထောင်စုမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသော်လည်း လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

### (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ** (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | | | |
| ၃ လနှင့် ၆ လအောက် | ၈၅ | ၁၀၀% | ငွေချေးယူ |
| ၆ လ မှ ၁၂ လ အထိ | | | |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့နန်းတော်ကုန်းကျေးရွာတွင် ဝမ်းစာဖူလုံမှု ၃လနှင့် ၆လအောက် အိမ်ထောင်စုအရေအတွက်မှာ(၈၅)စုရှိပြီး ၎င်းအိမ်ထောင်စုများမှာ ငွေတိုးချေးသူများနှင့် NGOs အဖွဲ့များထံမှ ချေးယူရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၇၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၈ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၅ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့နန်းတော်ကုန်းကျေးရွာတွင် မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်(၁)ဦးရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စုမှာ(၇၂)စုနှင့် မုဆိုးဖို/တစ်ခုလပ်ဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုမှာ(၅)စုရှိပါသည်။ ထို့နောက် အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင် နေသည့် ဆင်းရဲသည့်အိမ်ထောင်စုမှာ(၅)စုရှိပြီး ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေးမည့် အဖွဲ့အစည်း များစွာလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | အလုပ်အကိုင်ရှားပါးမှု |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | ရေရှားပါးမှု |
| ၃ | ရေကြီးခြင်း | မြင့် | ဝါဆို၊ဝါခေါင်မြစ်ရေကြီးခြင်း |
| ၄ | မိုးခေါင်ခြင်း | မြင့် | ရာသီဥတုဖောက်ပြန်ခြင်း |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | အပူပိုင်းဒေသဖြစ်ခြင်း |
| ၆ | မုန်တိုင်း | နိမ့် | ပင်လယ်နှင့်ဝေးခြင်း |
| ၇ | လျေင် | နိမ့် | မြေငလျင်လှုပ်ခတ်မှုနည်းခြင်း |
| ၈ | မီးဘေး | လတ် | အပူပိုင်းဒေသဖြစ်ခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | မြစ်ရေတိုက်စားမှု |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ် | ယာမြေများတိုးချဲ့ထွင်မှု |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ကျန်းမာရေးဗဟုသုတရှိခြင်း |
| ၁၃ | တီဘီရောဂါ | နိမ့် | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | - |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | - |
| ၁၉ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေမှာ သဘာဝရင်းမြစ်ရှားပါးခြင်း(မြေ၊ စိုက်ပျိုးရေ)မှာ ဆည်ရေမရသောကြောင့် မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပြီး ရာသီဥတုဖောက်ပြန်၍ အပူပိုင်းဒေသတွင်တည်ရှိသောကြောင့် မိုးခေါင် ခြင်းဒဏ်ကို ခံစားရပါသည်။ ကျေးရွာသည် မင်းဘူး-မင်းလှကားလမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် ရာသီမရွေးလွယ်ကူစွာ သွားလာ၍ရပါသည်။

**(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | အလုပ်အကိုင်ရှားပါးခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | အလုပ်အကိုင်ရှားပါးခြင်း၊ မိသားစုဦးရေများပြားခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသား တောင်သူ | မြင့် | စီးပွားရေးအဆင်မပြေခြင်း၊ စိုက်ပျိုးမြေရှားပါးခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမ့် | - |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | လတ် | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (**Prone to accident**) တွင် နေထိုင်သူများ | လတ် | မင်းဘူး-မင်းလှကားလမ်းမကြီး ဘေးတွင်တည်ရှိခြင်း |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံ ရသူများ (**IDP**) | နိမ် | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ် | - |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | အလုပ်အကိုင်ရှားပါးခြင်း၊ အကြွေးကျန်ခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | - |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မိုးများခြင်း၊ မြေပြိုခြင်း |
| ၁၅ | ဆေးစွဲသူများ | နိမ့် | - |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် | ဆိုင်ကယ်ဖြင့် ဈေးရောင်းချသူ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | လတ် | အထည်ချုပ်၊ ဆောက်လုပ်ရေး |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | ကားမောင်း၊ ထွန်စက်မောင်း |
| ၂၀ | ကားသမား | မြင့် | မတော်တဆထိခိုက်မှုရှိခြင်း |
| ၂၁ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ နန်းတော်ကုန်းကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သူအများစုမှာ မြေယာမဲ့ဆင်းရဲသားတောင်သူများနှင့် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်မိသားစုများပင်ဖြစ်ပါသည်။ အလုပ်အကိုင်ရှားပါးခြင်းကြောင့် လက်လုပ်လက်စား၊ ကျပန်း/ကူလီများမှာ ဝင်ငွေနည်းပါး၍ အကြွေးကျန်လျက်ရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | Pact Myanmar | ၁ | - | ၅၆ | ၅၆ | ငွေစု/ချေး | ၅ | ၇ |
| ၂ | သမဝါယမအဖွဲ့ | ၁ | - | ၉၇ | ၉၇ | အသေးစား ငွေစု/ချေး | ၄ | ၆ |
| ၃ | ပရဟိတအဖွဲ့ | ၂ | ၅ | ၁၀ | ၁၅ | လူမှုရေး | ၄ | ၇ |
| ၄ | ဝတ်အသင်း | ၃ | ၃ | ၁၀ | ၁၃ | ဘာသာရေး | ၄ | ၆ |
| ၅ | မီးသတ်အဖွဲ့ | ၂ | ၃၅ | - | ၃၅ | လူမှုရေး | ၄ | ၇ |
| ၆ | မြစိမ်းရောင်အဖွဲ့ | ၁ | ၄၀ | ၃၂ | ၇၂ | ငွေစု/ချေး | ၅ | ၇ |
| ၇ | ကလေးသူငယ် စောင့်ရှောက်ရေး အဖွဲ့ | ၁ | ၅ | ၂၃ | ၂၈ | လူမှုရေး | ၅ | ၇ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန် အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျထိန်းသိမ်း ထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန် အစည်းအဝေးကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ

ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြံ့သလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာ၏ငွေစုငွေချေးအဖွဲ့မှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပမှာလာရောက်ဖွဲ့စည်းပေးပြီး လုပ်ဆောင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး ပရဟိတအဖွဲ့နှင့် မီးသတ်အဖွဲ့များမှာ ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်မှုအားကောင်းကြောင်း တွေ့ရှိရပါသည်။

**(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact Myanmar | ၂ | အသေးစားငွေစု/ချေးလုပ်ငန်း |
| ၂ | သမဝါယမအဖွဲ့ | ၄ | ငွေချေးပေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်း |
| ၃ | မြစိမ်းရောင်အဖွဲ့ | ၂ | ငွေချေးပေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - **UK Aid, GIZ** စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေသော ပြင်ပ အဖွဲ့အစည်းအနေဖြင့် သမဝါယမအဖွဲ့၊ ပက်မြန်မာအဖွဲ့၊ မြစိမ်းရောင်အဖွဲ့ တို့ရှိသည့်အတွက် ချေးငွေများ ရရှိပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၇၇ | ၇၄.၈၀% | မြေယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၆၈ | ၁၃.၄၉% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၃၃ | ၆.၅၄% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၂၁ | ၄.၁၆% | အလတ်စားတောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၅ | ၀.၉၉% | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၅၀၄ | ၁၀၀% | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၃၇၇)စု၊ မြေယာပိုင်ဆိုင်သောအိမ်ထောင်စု(၁၂၇)စုရှိပါသည်။ စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာများရရှိပါက ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဇယား** (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင်းရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | မိုးရေတင် | ၅၃၅ကေ | ရာသီအလိုက် | မရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊

စိုက်ပျိုးရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ဆည်၊ ရေလွှဲဆည်၊ မြစ်ရေတင်စီမံကိန်း၊ အဝီစိတွင်း၊ လက်ငင်တွင်း၊ စိမ့်စမ်းရေ၊ ချောင်းရေများမရှိသော်လည်း စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကြောင့် မိုးရေကိုသာ အများဆုံးသုံးရပါသည်။ သို့သော် လုံလောက်မှုမရှိသဖြင့် ပျက်စီးဆုံးရှုံးမှုများရှိပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/ လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| နှမ်း | ၂၁၀ | တင်း | ၃ | ၇ | ၅ | မေ | စက်တင်ဘာ | လတ် | လတ် | |
| မြေပဲ | ၁၁၅ | တင်း | ၂၀ | ၅၀ | ၃၅ | စက်တင်ဘာ | ဒီဇင်ဘာ | မြင့် | နိမ့် | |
| ပဲစဉ်းငုံ | ၁၁၀ | တင်း | ၃ | ၁၀ | ၉ | မေ | ဇန်နဝါရီ | နိမ့် | မြင့် | |
| ပဲကြီး | ၁၀၀ | တင်း | ၃ | ၁၅ | ၆ | စက်တင်ဘာ | ဒီဇင်ဘာ | မြင့် | နိမ့် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ကျေးရွာတွင် နှမ်း၊ မြေပဲ၊ ပဲစဉ်းငုံ၊ ပဲကြီးတို့ကို အဓိကထား၍ စိုက်ပျိုးပါသည်။ သို့သော် နှမ်း၁ဧကလျှင် ၃တင်းမှ ၇တင်းထိ ထွက်ရှိသော်လည်း သွင်းအားစုလိုအပ်ချက်မှာ အလယ်လတ်တန်းစားရှိပါသည်။ အမြတ်မှာ ဈေးကွက်တွင်းရှိ ဈေးနှုန်းမှာ မူတည်ပါသည်။ အလားတူ မြေပဲနှင့်ပဲကြီးတို့မှာ သွင်းအားစုလိုအပ်ချက်ဖြစ်သဖြင့် အမြတ်ရရှိမှုနည်းပါးပါသည်။ ပဲစဉ်းငုံတွင်မူကား သွင်းအားစုနည်းသည်က တစ်ကြောင်း၊ သီးညှပ်ဖြစ်သောကြောင့် အမြတ်ရရှိမှုတွင် မြင့်ပါသည်။

## (၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၁ | | | | | ၃၀ | |
| လက်တွန်းထွန်စက် | ၁ | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | ၁ | | | | | | |
| ရေစုပ်စက် | ၃ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | | | | | | | |
| အခြား | ၆ | | | | | ၈၀ | မြက်စင်းစက် |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် တစ်ဦးချင်းပိုင်ထွန်စက်(၂)စီး၊ ခြွေလှေ့စက်(၁)စီးနှင့် ရေစုပ်စက်(၃)စီးရှိ၍ စက်ကိရိယာငှားရမ်းလုပ်ကိုင်ရသောတောင်သူအရေအတွက်မှာ(၃၀)ခန့်ရှိပြီး ကျန်အိမ်ထောစုများမှာ နွားဖြင့်သာထွန်ယက်စိုက်ပျိုးကြပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | စိုက်ပျိုးမြေတိုးချဲ့ရန်မရှိသော်လည်း လက်ရှိမြေကို မြေဆီသြဇာကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်း |
| ရေရင်းမြစ် | မိုးရေမှ ရရှိပါသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာ | နွားချေး၊ မြေဆွေး |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | စိုက်ပျိုးရေးဆေးဆိုင်တွင်ဝယ်ယူ၍ရနိုင်ခြင်း |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | ရှိ(သမ၊Pact Myanmar၊ မြစိမ်းရောင်) |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | |
| သွင်းအားစုဈေးကွက် | လွယ်ကူစွာဝယ်ယူနိုင်သော်လည်း ငွေကြေးမပြည့်စုံခြင်း |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | မင်းဘူးနှင့်မကွေးမှ ဈေးကွက်များရှိ |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် တိုးချဲ့စိုက်ပျိုးရန် မြေနေရာမရှိသော်လည်း လက်ရှိမြေကို မြေဆီဩဇာကောင်းမွန်အောင်ပြုပြင်၍ စိုက်ပျိုး၍ရပါသည်။ သဘာဝမြေဩဇာအဖြစ် နွားချေးနှင့်မြေဆွေးတို့မှရရှိပြီး ထွက်ရှိလာသောသီးနှံ များ ကို မင်းဘူးနှင့် မကွေးဈေးကွက်သို့လွယ်ကူစွာတင်ပို့ရောင်းချနိုင်ပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မြေလွတ်မြေရိုင်းမရှိပါ။ |
| မြေဆီဩဇာ အခြေအနေ | ရာသီဥတုနှင့် ဓာတုဆေးဝါးအလွန်အကျွံသုံးခြင်း |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | ပြင်ပအဖွဲ့အစည်းမှချေး(သမ၊ မြစိမ်းရောင်၊ Pact Myanmar) |
| စိုက်ပျိုးရေး သွင်းအားစု များ အချိန်မီ ရရှိအသုံးချနိုင်မှု | မြို့များတွင် ဝယ်ယူရရှိ၊ ငွေကြေးအခက်အခဲကြောင့် |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လုပ်အားခနည်းပါး၍ အခြားအရပ်သို့သွားရောက်လုပ်ကိုင်ခြင်း |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မိုးရေ |
| စိုက်ပျိုးရေ မလုံလောက်မှု | မိုးရေကို အသုံးပြုရသောကြောင့် |
| ဖျက်ပိုးနှင့် ရောဂါ | ရာသီဥတုဖောက်ပြန်မှု၊ ဆေးအရည်အသွေးနိမ့်မှု |
| ဈေးကွက် လက်လှမ်းမီမှု | မင်းဘူး၊ မကွေးရှိပွဲရုံများသို့ရောင်းချပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | စိုက်ပျိုးရေးဦးစီးဌာနမှကွင်းဆင်း၍ အသိပညာပေးဟောပြောပွဲ ကျင်းပခြင်း |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများမှာ စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနည်းပါးခြင်း၊ မြေဆီဩဇာပျက်စီးခြင်း၊ အရင်းအနှီးလုံလောက်မှုမရှိခြင်း၊

သွင်းအားစုများအချိန်မီအသုံးချနိုင်မှုနည်းပါးခြင်း၊ လုပ်သားရှားပါးခြင်း၊ ရေရင်းမြစ်မှရေရရှိနိုင်မ မရှိခြင်း၊ စိုက်ပျိုးရေလုံလောက်မှုမရှိခြင်း၊ ဖျက်ပိုးနှင့်ရောဂါကျရောက်ခြင်း၊ စသည့်အခက်အခဲများ ရှိပါသည်။

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| မွေးမြူရေး | | | |
| ခိုင်းနွား | ၂၀ | ၅၅၄ | |
| နို့စားနွား | ၁ | ၂၀ | |
| မြင်း | | | |
| ကျွဲ | | | |
| မြည်း | | | |
| လား | | | |
| ဆိတ် | ၅ | ၂၅၀ | |
| သိုး | | | |
| ဝက် | ၁၇ | ၂၂၅ | |
| ကြက် | ၁၈ | ၁၈၂၀ | |
| ဘဲ | | | |
| နွားနောက် | | | |
| အခြား | | | |
| | | | |
| ငါးကန် | | | |
| ပုဇွန်ကန် | | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အနေဖြင့်တနိုင်တပိုင်သာ မွေးမြူခြင်းများရှိပြီး နွား၊ ဝက်၊ ကြက်နှင့် ဆိတ်များကို စိုက်ပျိုးရေး နှင့်တွဲဘက်၍မွေးမြူကြပါသည်။ မွေးမြူရေးနှင့်ပတ်သက်သော ဗဟုသုတနည်းပါးခြင်း ကြောင့်

မွေးမြူရေးဆိုင်ရာအသိပညာများလိုအပ်ပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ရှိ(သီးနှံများရိတ်သိမ်းပြီးချိန်) |
| ရေရရှိမှု | မိုးရေ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မရှိ |
| ချေးငွေ | ပြင်ပအဖွဲ့အစည်း(သမ၊မြစိမ်းရောင်၊Pact Myanamar) |
| သွင်းအားစု ဈေးကွက် | မင်းဘူး၊ မကွေးမှဆိုင်များမှ ဝယ်ယူနိုင်ခြင်း |
| ဝန်ဆောင်မှု ဈေးကွက် | မင်းဘူးမြို့နယ်မွေးကုရုံးမှ ရရှိပါသည်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ဝက်ရောင်ဝယ်မှုသာရှိ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မရှိ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | မရှိ |
| **ချေးငွေ** | - |
| သွင်းအားစု လက်လှမ်းမီမှု | မရှိ |
| နည်းပညာ အကူအညီနှင့်နည်းလမ်းများ | မရှိ |
| ထုတ်ကုန် ရောင်းဝယ်မှု | - |
| အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် စားကျက်မြေအဖြစ် လယ်/ယာမြေများ ရိတ်သိမ်းပြီးပါက အသုံးပြုနိုင်ပြီး ရေအရင်းအမြစ်မှာ မိုးရေကိုသာအဓိကထားအသုံးပြုနိုင်ပါသည်။ တိရစ္ဆာန်မျိုးများလက်လှမ်းမီမှုမရှိသဖြင့် မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခက်အခဲရှိပါသည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| **ပြဿနာနှင့်စိန်ခေါ်မှုများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | လုံလောက်မှုမရှိ |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
